**ခေါင်းဆောင်**

ကာယ၊ ဉာဏ ဗလများနှင့်

ကရုဏာ မေတ္တာ အကြင်ပွား

တည်ကြည်၊ ရိုးသား၊ သစ္စာတရားတို့

ပြီးပြည့်စုံစွာ ရှိနေ၍

မိရိုးဖလာ- ကြည်ညိုစရာ

စံနှုန်း အတိုင်းအတာ ပြည့်သော်လည်း။

(၁) အများကြိုက် လိုက်လျှော ဆင်ခြေမှားနဲ့--

မိမိကိုယ်တိုင် မှိုင်းမိခံက

ခေါင်းဆောင်ကောင်းဂုဏ် မမြောက်နိုင်။

(၂) မျက်ကန်း မျိုးချစ် ရင်မှဖက်ပြီး

ယုတ္တိမှန်-မမှန် စံပေတံမဲ့

လူပိန်းကြိုက်လမ်း ဦးဆောင်လှမ်းက

ခေါင်းဆောင်ကောင်းဂုဏ် မမြောက်နိုင်။

(၃) နောက်လိုက်အများ စွန့်ခွာမလားဟု

ထိုးဖေါက်စွမ်းအား တွန့်ဆုတ်ထားက

ခေါင်းဆောင်ကေါင်းဂုဏ် မမြောက်နိုင်။

(၄) အသိတရား ဉာဏ်စွမ်းအားကို

နေ့ဆက် ရက်ဆက် ပြန်မသစ်က

ခေါင်းဆောင်ကောင်းဂုဏ် မမြောက်နိုင်။

လူထုကြည်ညို- မကြည်ညိုလည်း

လူသားအကျိုး သယ်ပိုးခြင်းစိတ်

မဖိတ်မစင် ဆင်ခြင်ပါလျှက်

နောက်ဆုံးထွက်သက် ပေးဆက်သည်ထိ

အပတ်တကုတ် ကျိုးစားလုပ်က

ထိုအလုပ်၌

ခေါင်းဆောင်ကောင်းဂုဏ် မြောက်သည်တကား။

**ထွန်းပေါက်**

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com